Public education
**Discover a world of opportunities**

# စာဖတ်ခြင်း - အိမ်တွင် လေ့လာသင်ယူခြင်း

## သင့်ကလေးနှင့်အတူ စာဖတ်ခြင်းသည် အရေးကြီးပါသည်။

သင့်ကလေးသည် အရေးကြီးသည့် စောစောပိုင်း စာအဖတ် ကျွမ်းကျင်မှုများကို ကစားရင်းနှင့် များပြားသော ဆက်သွယ်မှုတို့ မှတစ်ဆင့် ဖွံ့ဖြိုးလာပါသည်။ သင့်ကလေးအား စာအုပ် အမျိုးမျိုး နှင့်ကလေးငယ်သံစုံ တေးများကို စူးစမ်းရန် အားပေးတိုက်တွန်း ပါ၊ မိသားစုနှင့် မိတ်ဆွေများအား သင့်ကလေးနှင့်အတူ စာဖတ်ရန် အားပေးတိုက်တွန်းပါ။

စာဖတ်ခြင်းသည် သင့်ကလေးအား ပုံဇာတ်လမ်းများတွင် အစ၊ အလယ်နှင့် အဆုံးရှိကြောင်း ပြသပြီး စကားလုံးများရှိ အသံနှင့် အဆင်အယင်များကို သူတို့အား နားလည်အောင် အထောက်အကူပေးသည်။ သင့်ကလေးသည် ကျောင်း၌ သင်ယူရင်းတိုးတက်လာသည့် အလျောက် သူတို့သည် ဤကျွမ်းကျင်မှုများကို သင်ယူရေးနှင့် လူမှုရေး ကျွမ်းကျင်မှုများအပြင် ကိုယ်ရေးကိုယ်တာ ကျွမ်းကျင်မှု များနှင့် နားလည်မှုများကိုလည်း ဖွံ့ဖြိုးရန် အားထားရသည်။

စာဖတ်သူတစ်ဦး ဖြစ်လာရေးသည် အချိန်ယူပါသည်။ သင့်ကလေးနှင့်အတူ နေ့စဉ် အတူတကွ ပြောဆိုခြင်းနှင့် စာအုပ်များကို ရှာဖွေဖတ်ရှုခြင်းသည် စာဖတ်ခြင်းကို ခင်တွယ်မှုကို ဖွံ့ဖြိုးစေရန် သူတို့အား အထောက်အကူပေး သည်။

### ကျွန်ုပ် ဘာလုပ်နိုင်ပါသလဲ။

သင့်ကလေးသည် သူတို့အနေဖြင့် အားကိုးစိတ်ရှိသော စာဖတ်သူ တစ်ဦး ဖြစ်မလာမီ ဖွံ့ဖြိုးရန်လိုအပ်သည့် အများအပြားသော စောစောပိုင်း စာဖတ်ကျွမ်းကျင်မှုများ ရှိပါသည်။ ၎င်းတို့တွင် စကားပြောမှုနှင့် နားထောင်မှုတွင် ကျွမ်းကျင်မှုများ၊ အသံနှင့်စကားလုံးများ အကြောင်း လေ့လာရေး၌ ကျွမ်းကျင်မှုများနှင့် စာအုပ်များကို အတူတကွ ဝေမျှဖလှယ်ရာ၌ ကျွမ်းကျင်မှုများ တို့ပါဝင်ပါသည်။

သင့်ကလေးသည် ကစားရာမှတစ်ဆင့် အမြောက်အမြား လေ့လာသင်ယူပါသည်။ ကစားခြင်း၌ စူးစမ်းခြင်း၊ ရှာဖွေတွေ့ရှိခြင်း၊ ဟန်ဆောင်လုပ်ခြင်း၊ စဉ်းစားခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်းနှင့် လုပ်ကိုင်ခြင်း တို့ပါဝင်ပါသည်။

ကြိုးစား၍-

- သင့်ကလေးနှင့်စကားပြောဆိုရန်နှင့် သူတို့ပြော သည်ကိုနားထောင်ရန် အချိန်ယူပါ
- ယုံကြည်အောင်လုပ်သည့်ကစားနည်း၊ ကတ်ထူဘုတ် ကစားနည်း၊ အိုင်စပိုင်ကစားနည်းနှင့် ရိုးရိုး ဖဲချပ် ကစားနည်း ကဲ့သို့ကစားနည်းများကို ကစားပါ
- တိရစ္ဆာန်ရုံသွားခြင်း၊ ပန်းခြံတွင်းလက်လျှောက်ခြင်း၊ ဆိုင်းဘုတ်များကိုကြည့်ခြင်း၊ ဈေးဝယ်စာရင်း လုပ်ခြင်း၊ နှင့် စာလုံးများနှင့် ရုပ်ပုံများကို ဖြတ်တောက်ခြင်း ကဲ့သို့ အတူတကွ လုပ်စရာများကို လုပ်ပါ

### သင့် ဒေသ စာကြည့်တိုက်ကို သုံးပါ

စာကြည့်တိုက်များသည် လူငယ်စာဖတ်သူများအတွက် စာအုပ်၊ စီဒီခွေ၊ ဒီဗီဒီခွေ၊ မဂ္ဂဇင်းများနှင့် ကာတွန်းစာအုပ်များ ရှိသော ရတနာတိုက် တစ်ခုဖြစ်ပါသည်။ သင့် ဒေသ စာကြည့်တိုက်သို့ သွားရောက်ခြင်းသည် အောက်ပါတို့အတွက် အလွန်ကောင်း သောနည်းတစ်ခုဖြစ်သည်-

- စာအုပ်များနှင့် စာဖတ်ခြင်း၏ တန်ဖိုးကို သင့် ကလေးအား ဝေမျှဖလှယ်ရန်
- မိသားစု တစ်ခုလုံးအား ပုံမှန် စာဖတ်သည့် လုပ်ရပ်များတွင် ပါဝင်လုပ်ဆောင်စေရန်
- သင့်ကလေး၏ အကြိုက်နှစ်သက်ဆုံး စာရေး ဆရာများနှင့် ပုံဆွဲသရုပ်ဖော်ဆရာများကို ရှာပေးရန်
- ကွန်ပျူတာ ကဲ့သို့ အိမ်တွင်မရနိုင်သော အထောက်အပံ့ ရလမ်းဇစ်မြစ်ကို သုံးစေရန်
- အားလပ်ရက် လှုပ်ရှားမှုများတွင် ပါဝင်ပူးပေါင်းရန်

**စာအုပ်များကို ဖတ်ရှုခြင်း**
**Lynley Dodd ရေးသားသည့် *Hairy Maclary and friends* စာအုပ်၊**
**Martin Waddell ရေးသားသည့် *Owl babies* အစာအုပ်၊**
**Pamela Allen ရေးသားသည့် *Who sank the boat?* စာအုပ်၊**
**Emily Gravett ရေးသားသည့် *Meerkat mail* စာအုပ်**
**Michael Morpurgo ရေးသားသည့် *Wombat goes walkabout* စာအုပ်**

Department of **Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချုပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015